ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ

သတင်းလွှာ( ၉ /၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်

အကြောင်းအရာ။ **လိုင်စင်လျှောက်ထားမှုလုပ်ငန်းစဉ်များကို ယာယီဖြေလျှော့ပေးခြင်းမှ မူလလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရန်ကိစ္စ ထုတ်ပြန်ခြင်း**

၁။ ကုန်သွယ်မှုကဏ္ဍတွင် ယာယီဖြေလျှော့ပေးမှုများဖြစ်သည့် သတင်းလွှာ (၇/၂၀၂၁)ဖြင့် ထုတ်ပြန်ထားသော ပို့ကုန်ကုန်စည်လိုင်း (၃၇) လိုင်းနှင့် သွင်းကုန် ကုန်စည်လိုင်း (၆၂) လိုင်းအား လိုင်စင်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းသည် ၇-၆-၂၀၂၁ ရက်နေ့တွင် လည်းကောင်း၊ သတင်းလွှာ (၈/၂၀၂၁) ဖြင့် ထုတ်ပြန်ထားသော DICA နှင့် DRC ၏ သက်တမ်းကုန်ဆုံးသည့် ကိစ္စရပ်များအတွက် DIAC နှင့် DRC ရရှိထားပြီး ယခင်တင်သွင်းလျက်ရှိသော ဆေးဝါးများဖြစ်ပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အဆိုပါမှတ်ပုံတင်လက်မှတ်များကို သက်တမ်းတိုးလျှောက်ထားကြောင်း ယင်းဌာန၏ ထောက်ခံချက်ဖြင့် သွင်းကုန်လိုင်စင်ခွင့်ပြုခြင်းသည် ၁၁-၆-၂၀၂၁ ရက်နေ့တွင် လည်းကောင်း သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။

၂။ သို့ပါ၍ အဆိုပါယာယီဖြေလျှော့ခဲ့မှုများအား အောက်ဖော်ပြပါသတ်မှတ်ရက်များမှ စတင်၍ မူလလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

(က) သတင်းလွှာ (၇/၂၀၂၁) ပါ လိုင်စင်လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုခဲ့သည့်ကုန်စည်များအား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှစ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန်၊သွင်းကုန်လိုင်စင် လျှောက်ထားရန်၊

(ခ) သတင်းလွှာ (၈/၂၀၂၁) ပါ ထောက်ခံချက်၊ လက်မှတ်ဖြေလျှော့ခွင့်ပြုခြင်းအား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှစ၍ FDA၏ သက်တမ်းရှိသည့် DIAC နှင့် DRC များဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားရန်။

၃။ အထက်အပိုဒ် ၂(က)ပါ သွင်းကုန်လိုင်စင်လျှောက်ထားရမည့် ကုန်စည်များနှင့်စပ်လျဉ်း၍ အကြောင်းအမျိုးမျိုးကြောင့် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက် နေ့မတိုင်မီ ဆိပ်ကမ်းသို့ ရောက်ရှိလာသည့်ကိစ္စရပ်အတွက် လုပ်ငန်းရှင်များ၏ လုပ်ငန်းလွယ်ကူချော မွေ့စေရေးအတွက် တင်သွင်းခွင့် ပေးသွားမည်ဖြစ်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**